# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂၂–၁–၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **လယ်ယာမြေများကို လုပ်ပိုင်ခွင့်ရ လယ်သမားများက ဝင်ရောက် ထွန်ယက်ရာတွင် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်မရသေးသော ကုမ္ပဏီများမှ တရားစွဲဆိုမှု များကို သင့်/မသင့်သုံးသပ်ရန်နှင့် ကာလကြာရှည်စွာ အမှုရင်ဆိုင် နေရသည့် တောင်သူလယ်သမားများအား အမြန်ပြီးပြတ်အောင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာနမှ ရာဘာခြံတို့ကို မြန်မာနိုင်ငံသား ပိုင်ဆိုင်မှု အမည်ခံထားသော မလေးရှားနိုင်ငံ ကိုယ်စားပြုထားသည့် ကုမ္ပဏီကြီးများနှင့် အကျိုးတူ ပူးပေါင်းလုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လျှပ်စစ် စစ်ဆေးရေးဌာန(EI)နှင့် ပတ်သက်၍ သိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **နိုင်ငံသားမှတ်ပုံတင် စိစစ်ရေး ကတ်ပြားများကို ကွန်ပျူတာဖြင့် ရိုက်နှိပ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **နိုင်ငံသားစိစစ်ရေးကတ်ပြား များကို စမတ်ကတ်(Smart Card)အဖြစ် ပြောင်းလဲ၍ ရက်ပေါင်း (၂၈)ရက်အစား(၁၄)ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **ကျွဲနွားများအား လက်မှု လယ်ယာ ဘဝ ပိုင်ဆိုင်သော လယ်သမားအကျိုးပြု 'နွားဈေး' ရှိရာဒေသသို့ သယ်ဆောင်ရောင်းဝယ်မှုအား ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးတင်မောင်၊ ချမ်းမြသာစည် မဲဆန္ဒနယ်၏ **ကျွဲ၊ နွား၊ ဆိတ်များ တစ်ဖက် နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေခြင်းကို တားမြစ်ရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် သိမ်းဆည်းခဲ့သည့် လိုင်စင်ဖြင့် ကိုင်ဆောင်ခဲ့သော သေနတ်များအား မူလပိုင်ရှင် သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူအား ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်ထဲရေးဝန်ကြီးဌာနက **“ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၇။ **“ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၈။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် **“ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော **“မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။